ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအပေါ် ကြီးကြပ်စစ်ဆေးရေးလက်စွဲ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | ရည်ရွယ်ချက် | ၁ | - |
| ၃ | လွှမ်းခြုံသောနယ်ပယ် | ၁ | - |
| ၄ | ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ | ၁ | ၂ |
| ၅ | ဥပဒေမူဘောင် | ၂ | ၃ |
| ၆ | ဆုံးရှုံးနိုင်ခြေအန္တရာယ် ရှိ/မရှိ စိစစ်ဖော်ထုတ်ရာတွင် ရှင်းလင်းစွာ နားလည်ထားရမည့်အချက်များ | ၃ | ၄ |
| ၇ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကိုအခြေပြု၍ ငွေကြေးခဝါချမှုဖော်ထုတ်ခြင်း | ၄ | ၅ |
| ၈ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၅ | ၈ |
| ၉ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၈ | ၁၁ |
| ၁၀ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၁၁ | - |
| ၁၁ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၁၁ | - |
| ၁၂ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၁၁ | - |
| ၁၃ | ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့်လုပ်ငန်းပိုင်း | ၁၂ | - |
| ၁၄ | နိဂုံး | ၁၂ | - |
| ၁၅ | နောက်ဆက်တွဲ | | |

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအပေါ် ကြီးကြပ်စစ်ဆေးရေးလက်စွဲ

## နိဒါန်း

၁။ ကျောက်မျက်ရတနာများသည် တန်ဖိုးမြင့်မားမှုအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ လုပ်ဆောင်ရန် ဆွဲဆောင်မှုရှိခြင်း၊ ၎င်း၏ သဘာဝအရ ငွေကြေးအဖြစ် အလွယ်တကူ ပြောင်းလဲ၍ ငွေလွှဲပြောင်းမှုကို လျှို့ဝှက်ဖုံးကွယ်စွာ ဆောင်ရွက်နိုင်သည့်အခြေအနေ ရှိခြင်း၊ ၎င်း၏အရွယ်အစားအရ တစ်နိုင်ငံမှတစ်နိုင်ငံ၊ တစ်နေရာမှတစ်နေရာသို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ခြင်းတို့ကြောင့် ကျောက်မျက်ရတနာများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍ အဖြစ်ရှိနေပါသည်။

## ရည်ရွယ်ချက်

၂။ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာလုပ်ငန်းများကို လွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်စေရန်၊ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက လိုက်နာဆောင်ရွက်မှုအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက စနစ်တကျ ကြီးကြပ်နိုင်စေရန်နှင့် ကျောက်မျက်ရတနာကဏ္ဍအတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ လျော့နည်းစေရန်၊ ပပျောက်စေရန် ရည်ရွယ်သည်။

## လွှမ်းခြုံသောနယ်ပယ်

၃။ ဤကြီးကြပ်စစ်ဆေးရေးလက်စွဲသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာလုပ်ငန်းများကို လုပ်ဆောင်နေသည့် ကျောက်မျက်ရတနာကဏ္ဍတစ်ခုလုံး အပေါ် လွှမ်းခြုံပါသည်။

## ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၄။ ဤကြီးကြပ်စစ်ဆေးရေးလက်စွဲတွင် ပါရှိသည့် ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ငွေကြေးခဝါချမှု** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်အတိုင်းဖြစ်သည်။

(ခ) **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၄၄ တို့ပါပြဋ္ဌာန်းထားသော ပြစ်မှုကိုဆိုသည်။

(ဂ) **AML/CFT** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering & Countering the Financing of Terrorism-AML/ CFT) လုပ်ငန်းများကို ဆိုသည်။

(ဃ) **WMD** ဆိုသည်မှာ လူအများ အပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(Countering the Financing of Proliferation) ဆိုင်ရာလုပ်ငန်းများကို ဆိုသည်။

(င) **FATF** ဆိုသည်မှာ ငွေကြေးဆိုင်ရာအရေးယူ ဆောင်ရွက်ရေးအဖွဲ့ (The Financial Action Task Force - FATF)ကို ဆိုသည်။

(စ) **APG** ဆိုသည်မှာ အာရှ - ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Group on Money Laundering - APG)ကို ဆိုသည်။

(ဆ) **FIU** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU)ကို ဆိုသည်။

(ဇ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းများက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (စ)အရ ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းကို ဆိုသည်။

(ဈ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (င)နှင့် (ဗ)တို့အရ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Designated Non - Financial Business and Profession - DNFBP)အတွက် သတင်းပို့အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာလုပ်ငန်းလုပ်ဆောင်သူများလည်း ပါဝင်သည်။

**ဥပဒေမူဘောင်**

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများသည် ကျောက်မျက်ရတနာကဏ္ဍတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ လျော့နည်းစေရန်နှင့် ပပျောက်စေရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်ဖြစ်သကဲ့သို့ FATF က ထုတ်ပြန်ထားသည့် စံနှုန်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ AML/CFT ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) AML/CFT ဆိုင်ရာ သင်တန်းများတက်ရောက်ခြင်း၊

(ခ) AML/CFT ဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိခြင်း၊

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိခန့်အပ်ခြင်း၊

(ဃ) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း၊

(င) ငွေကြေးတန်ဖိုး ကျပ်သန်းပေါင်း(၁၀၀)နှင့်အထက် ငွေကြေးလွှဲပြောင်းမှုနှင့် ငွေပေးချေမှုတို့အတွက် သတင်းပို့တင်ပြခြင်း၊

(စ) ငွေကြေးတန်ဖိုး ကျပ်သန်းပေါင်း (၁၀၀)နှင့်အထက် ကျော်လွန်ခြင်း မရှိသော်လည်း သံသယဖြစ်ဖွယ်ရှိခြင်းအတွက် သတင်းပို့တင်ပြခြင်း၊

(ဆ) သတ်မှတ်အခွန်အခများ ထမ်းဆောင်ခြင်း၊

(ဇ) ဝယ်ယူသူနှင့်သက်ဆိုင်သည့်အချက်အလက်များကို ကောက်ယူခြင်း၊

(ဈ) ရောင်းဝယ်ခဲ့မှုအချက်အလက်များကို မှတ်တမ်းတင်ခြင်း၊

(ည) ဝယ်ယူသူနှင့်သက်ဆိုင်သည့် အချက်အလက်များ၊ ရောင်းဝယ်ခဲ့မှု အချက်အလက်များ၊ သတ်မှတ်ပမာဏထက် ကျော်လွန်သော ငွေကြေးလွှဲပြောင်းမှု၊ ငွေပေးချေမှုများနှင့် ပတ်သက်၍ သတင်းပို့ အစီရင်ခံစာများ၊ သံသယဖြစ်ဖွယ် သတင်းပို့အစီရင်ခံစာများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(ဋ) အကြမ်းဖက်အဖွဲ့အစည်းများတွင် ပါဝင်သူများနှင့်အကြမ်းဖက်သမားစာရင်းများတွင် ပါဝင်သူများအား စိစစ်ဖော်ထုတ်ခြင်း၊

(ဌ) ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထား စိစစ်ဖော်ထုတ်ခြင်း၊

(ဍ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၈ ပါလုပ်ငန်းတာဝန်များကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မပျက်မကွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဎ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အခြား တည်ဆဲဥပဒေများအရ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

**ဆုံးရှုံးနိုင်ခြေအန္တရာယ် ရှိ/မရှိ စိစစ်ဖော်ထုတ်ရာတွင် ရှင်းလင်းစွာ နားလည်ထားရမည့် အချက်များ**

၇။ **ကျောက်မျက်ရတနာ ထုတ်ကုန်အမျိုးအစား၊ လုပ်ငန်းအမျိုးအစားနှင့် ဖြန့်ဖြူးပို့ဆောင်မှုနည်းလမ်းဆိုင်ရာအချက်အလက်များ။** တန်ဖိုးကြီး ကျောက်မျက်ရတနာများကို သိမ်းဆည်းထားခြင်းက ငွေသားပမာဏများစွာကို သိမ်းဆည်းထားခြင်းထက် ပိုမို၍ လုံခြုံမှုရှိနိုင်ပါသည်။ ကုန်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးအစား

ကျောက်မျက်ရတနာများကို အသုံးပြုနိုင်ပါသည်။ ကျောက်မျက်ရတနာများကို ငွေကြေးအဖြစ် ပြောင်းလဲမှုသည် အခြားကုန်ပစ္စည်းများကို ငွေကြေးအဖြစ် ပြောင်းလဲမှုထက် ပိုမိုလွယ်ကူမှုရှိနိုင်ပါသည်။ ကျောက်မျက်ရတနာ၏ တန်ဖိုးပို၍ကြီးမားပါက ငွေကြေးခဝါချမှုအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ် ပို၍မြင့်မားမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာများ၏ အရွယ်အစား၊ အလေးချိန် ပို၍သေးငယ်ပါက သယ်ဆောင်သိမ်းဆည်းထားနိုင်မှုသည် ပို၍ လွယ်ကူမည်ဖြစ်ပါသည်။

၈။ **ကျောက်မျက်ရတနာလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်မှုဆိုင်ရာအချက်အလက်များ။** ငွေကြေးပမာဏများစွာဖြင့် ကျောက်မျက်ရတနာလုပ်ငန်းကို ဆက်စပ်လုပ်ကိုင်ခြင်း (ကျောက်မျက်ရတနာများကို ရောင်းဝယ်ခြင်း)သည် ငွေကြေးခဝါချမှုအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိနိုင်ပါသည်။ အထူးသဖြင့် ငွေသားဖြင့် ကျောက်မျက်ရတနာရောင်းဝယ်ခြင်းသည် ငွေသားဖြင့် မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းများထက်ပို၍ အန္တရာယ်ရှိနိုင်ပါသည်။ ထို့ပြင် ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း(၁၀၀)နှင့်အထက် ငွေလွှဲပြောင်းခြင်း၊ ငွေပေးချေခြင်းများကို ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက သတ်မှတ်ပုံစံဖြင့် FIU သို့ သတင်းပို့တင်ပြရမည်ဖြစ်ရာ ရံဖန်ရံခါတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းအတွက် ငွေကြေးလွှဲပြောင်းခြင်း၊ ငွေပေးချေခြင်းကို တစ်ကြိမ်တည်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ အကြိမ်ကြိမ်ခွဲ၍ ဆောင်ရွက်လာနိုင်ပါသည်။ ထို့အတူ အခြားသူအား ကိုယ်စားဝယ်ယူစေခြင်း သို့မဟုတ် ငွေလွှဲပြောင်းစေခြင်းလည်း ဆောင်ရွက်လာနိုင်ပါသည်။

၉။ **ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်သောနေရာ၏ အချက်အလက်များ။** ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်သည့် နေရာသည် ရာဇဝတ်မှု ထူပြောသောနေရာတွင် ရှိ/မရှိ၊ ကျေးလက် သို့မဟုတ် မြို့ကြီးများတွင် ရှိ/မရှိ၊ နယ်စပ်နှင့် နီးကပ်သော နေရာတွင် ရှိ/မရှိ၊ လုပ်ငန်းတည်ရှိရာ ဝန်းကျင်တွင် ပမာဏကြီးမားသော ရောင်း/ဝယ်မှုများ ရှိ/မရှိ စသည့် အချက်များသည် ငွေကြေးခဝါချမှုအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ်အတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ငန်းကို ဟန်ပြလုပ်ကိုင်ခြင်း၊ အွန်လိုင်းဖြင့် လုပ်ကိုင်ခြင်း၊ မြေပြင်တွင် လုပ်ကိုင်ခြင်းများနှင့် ပြည်တွင်း/ပြည်ပတွင် နိုင်ငံသား/ နိုင်ငံခြားသားများကို ရောင်းဝယ်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ထို့အတူ ကျောက်မျက်ရတနာလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ၊ ကုန်ကြမ်းများအား ထောက်ပံ့ပေးမှုနှင့် ထောက်ပံ့ပေးမှုဆိုင်ရာ နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အခြေခံ၍ ငွေကြေးခဝါချမှု ဖော်ထုတ်ခြင်း**

၁၀။ အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရပါမည် -

(က) ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်း -

(၁) ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း၊

(၂) ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း။

(ခ) ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်း -

(၁) ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း၊

(၂) ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း။

(ဂ) ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုခြင်း -

(၁) ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း၊

(၂) ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၁၁။ **ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်း။** ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများသည် ဆက်သွယ်ဆောင်ရွက်သူများ၏ အောက်ပါအချက်အလက်များကို စိစစ်ကောက်ယူရမည် -

(က) အမည်အပြည့်အစုံ (အခြားအမည်ရှိကဖော်ပြရန်)၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊

(ဂ) အလုပ်အကိုင်၊

(ဃ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊

(င) တယ်လီဖုန်းအမှတ်၊

(စ) ဝယ်ယူသည့် ကျောက်မျက်ရတနာအမျိုးအစားနှင့် အရေအတွက် ပမာဏ၊

(ဆ) ဝယ်ယူသည့် နည်းလမ်း (မျက်နှာချင်းဆိုင် ဝယ်ယူခြင်း သို့မဟုတ် အွန်လိုင်းဖြင့် ဝယ်ယူခြင်း)၊

(ဇ) ကိုယ်တိုင် ဝယ်ယူခြင်း သို့မဟုတ် ကိုယ်စားဝယ်ယူခြင်း၊

(ဈ) ဝယ်ယူသည့် ငွေပမာဏ၊

(ည) ဝယ်ယူသည့် အကြိမ်အရေအတွက်၊

(ဋ) ငွေပေးချေမှုနည်းလမ်း၊

(ဌ) ဝယ်ယူသည့် ကျောက်မျက်ရတနာကို ကိုယ်တိုင်တစ်ပါတည်း ရယူခြင်း သို့မဟုတ် ပို့ဆောင်ပေးရခြင်း။

၁၂။ **သတင်းအချက်အလက်များကောက်ယူခြင်း။** အခြားအရင်းအမြစ်များမှ အောက်ဖော်ပြပါသတင်းအချက်အလက်များကို ကောက်ယူထားရမည် -

(က) အများပြည်သူသိရှိနိုင်သော အရင်းအမြစ် (open-source)ဆိုင်ရာ သတင်းအချက်အလက်များ၊

(ခ) စာနယ်ဇင်းအစီရင်ခံစာများ၊

(ဂ) လူမှုကွန်ယက်စာမျက်နှာ(Social Media)သတင်းများ၊

(ဃ) ဈေးကွက်အတွင်းစုံစမ်းထောက်လှမ်းမှုများ၊

(င) ဌာန/အဖွဲ့အစည်းများ၏ရေးသားထုတ်ဝေမှုများ၊

(စ) စာရင်းစစ်အစီရင်ခံစာများ၊

(ဆ) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်မှုစသည့် အခြားအရင်းအမြစ် တစ်ခုခုမှသတင်းအချက်အလက်များ။

၁၃။ **ဆက်သွယ်ဆောင်ရွက်သူများအပေါ်အလေးထား၍ တိုးမြှင့်စိစစ်ဖော်ထုတ်ခြင်း။** ဆက်သွယ်ဆောင်ရွက်သူများအပေါ် စိစစ်ကောက်ယူမှုများနှင့်အခြားသတင်းအချက်အလက်များ ကောက်ယူမှုများအရ အောက်ပါအခြေအနေများကို စိစစ်တွေ့ရှိရပါက ဆက်သွယ်ဆောင်ရွက်သူများအပေါ်အလေးထား၍ တိုးမြှင့်စိစစ်ဖော်ထုတ်ရမည် -

(က) ဆက်သွယ်ဆောင်ရွက်သူသည် ငွေကြေးခဝါချမှု လုပ်ဆောင်နိုင်ခြေ မြင့်မားခြင်း၊

(ခ) ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း (၁၀၀)နှင့်အထက်ရှိခြင်း၊

(ဂ) ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း (၁၀၀)နှင့်အထက် မရှိသော်လည်း အကြိမ်ကြိမ်ခွဲ၍ ဝယ်ယူခြင်း၊

(ဃ) ပြည်ပတွင် နေထိုင်သော မြန်မာနိုင်ငံသားများဖြစ်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပသြဇာတိက္ကမရှိသူများဖြစ်ခြင်း၊

(စ) FATF ၏ အကြံပြုချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် အားနည်းသောနိုင်ငံများတွင် နေထိုင်သူများဖြစ်ခြင်း၊

(ဆ) တရားဝင်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများမရှိသော်လည်း ကာလတစ်ခုအတွင်း၌သာ ကျောက်မျက်ရတနာလုပ်ငန်း ဆောင်ရွက်သော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း၊

(ဇ) ကိုယ်စားအဖြစ် ကျောက်မျက်ရတနာဝယ်ယူခြင်း။

၁၄။ **စိစစ်ကောက်ယူမှုနှင့်အခြားသတင်းအရင်းအမြစ်များမှ စိစစ်မှုတို့အရ ရရှိသည့် ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များအပေါ် မူတည်၍ ဆက်သွယ်ဆောင်ရွက်သူအမျိုးအစား ခွဲခြားခြင်း။** အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်သူအမျိုးအစားများကို ခွဲခြားဆောင်ရွက်ရမည် -

(က) ရှိရင်း ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိသော ဆက်သွယ်ဆောင်ရွက်သူများ၊

(ခ) လုပ်ငန်းတည်နေရာနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ။

၁၅။ **ဆက်သွယ်ဆောင်ရွက်သူအမျိုးအစားအလိုက် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စိစစ်ဖော်ထုတ်ခြင်း။** အောက်ဖော်ပြပါပုံစံများအတိုင်း ဆက်သွယ်ဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စိစစ်ဖော်ထုတ်ရမည် -

(က) **ရှိရင်း ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိသော ဆက်သွယ်ဆောင်ရွက်သူများ**

| | | ပြည်တွင်း၊ ပြည်ပသြဇာတိက္ကမ ရှိသူများ | | | |
|---|---|---|---|---|---|
| | | အဆင့်မြင့် | အလယ်အလတ် | အဆင့်နိမ့် | မသိ |
| ဆက်သွယ်ဆောင်ရွက်သူများ၏ ကိုယ်ရေးအချက်အလက် | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် | အလယ်အလတ် | အဆင့်မြင့် |
| | အလယ်အလတ် | အဆင့်မြင့် | အလယ်အလတ် | အလယ်အလတ် | အဆင့်မြင့် |
| | အဆင့်နိမ့် | အလယ်အလတ် | အလယ်အလတ် | အဆင့်နိမ့် | အဆင့်မြင့် |
| | မသိ | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် |

(ခ) **လုပ်ငန်းတည်နေရာနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ**

| | | ရင်းနှီးမြှုပ်နှံမှုပမာဏ | | | |
|---|---|---|---|---|---|
| | | အဆင့်မြင့် | အလယ်အလတ် | အဆင့်နိမ့် | မသိ |
| လုပ်ငန်းတည်နေရာ | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် | အလယ်အလတ် | အဆင့်မြင့် |
| | အလယ်အလတ် | အဆင့်မြင့် | အလယ်အလတ် | အလယ်အလတ် | အဆင့်မြင့် |
| | အဆင့်နိမ့် | အလယ်အလတ် | အလယ်အလတ် | အဆင့်နိမ့် | အဆင့်မြင့် |
| | မသိ | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် |

၁၆။ **စိစစ် ဖော်ထုတ်ထားသည့် ဆက်သွယ် ဆောင်ရွက်သူများကို မှတ်တမ်းတင်ထားရှိခြင်း။** ဆက်သွယ်ဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စိစစ်ဖော်ထုတ်ပြီးပါက ယင်းအချက်အလက်များကို စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ဆက်သွယ်ဆောင်ရွက်သူများ၏ အချက်အလက်များ ပြောင်းလဲမှုအပေါ်မူတည်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို ထပ်မံစိစစ်ဖော်ထုတ်ရမည်။

၁၇။ **ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်သတ်မှတ်ခြင်းနှင့်အကဲဖြတ်မှုအဆင့် သတ်မှတ်ခြင်း။** စိစစ်ဖော်ထုတ်ထားသည့် ဆက်သွယ်ဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အပေါ် မူတည်၍ အောက်ပါပုံစံများအတိုင်း ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်နှင့် အကဲဖြတ်မှုအဆင့်များကို သတ်မှတ်ရမည် -

(က) **ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်သတ်မှတ်ခြင်း**

| | | ရှိရင်း ဆုံးရှုံးနိုင်ခြေ အန္တရာယ်ရှိသော ဆက်သွယ်ဆောင်ရွက်သူများ | | |
|---|---|---|---|---|
| | | အဆင့်မြင့် | အလယ်အလတ် | အဆင့်နိမ့် |
| လုပ်ငန်း တည်နေရာနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ | အဆင့်မြင့် | အဆင့်မြင့် | အဆင့်မြင့် | အလယ်အလတ် |
| | အလယ်အလတ် | အဆင့်မြင့် | အလယ်အလတ် | အလယ်အလတ် |
| | အဆင့်နိမ့် | အလယ်အလတ် | အလယ်အလတ် | အဆင့်နိမ့် |

(ခ) **အကဲဖြတ်မှုအဆင့်သတ်မှတ်ခြင်း**

| | | အကဲဖြတ်မှုအဆင့် | | |
|---|---|---|---|---|
| | | ကောင်းသည် | အလယ်အလတ်ဖြစ်သည် | အားနည်းသည် |
| ဆုံးရှုံးနိုင်ခြေ အန္တရာယ်အဆင့် | အဆင့်မြင့် | အဆင့်နိမ့် | အလယ်အလတ် | အဆင့်မြင့် |
| | အလယ်အလတ် | အဆင့်နိမ့် | အဆင့်နိမ့် | အလယ်အလတ် |
| | အဆင့်နိမ့် | အဆင့်နိမ့် | အဆင့်နိမ့် | အဆင့်နိမ့် |

၁၈။ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အထက်ပါလုပ်ငန်းစဉ်များအတိုင်း ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် **နောက်ဆက်တွဲ**ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းပုံစံအသုံးပြု၍ ဆောင်ရွက်ရမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၁၉။ **ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာများ ပြုစုခြင်း။** ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက AML/CFT ဆိုင်ရာလုပ်ငန်းများအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စိစစ်ဖော်ထုတ်ခြင်းရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ဆုံးရှုံးနိုင်ခြေအန္တရာယ်အား ဖော်ထုတ်နိုင်သည့်အချက်များပါဝင်သော ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာကို ပြုစုရမည်။

၂၀။ **ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာများပေးပို့ခြင်း။** ပြုစုထားသည့် ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာများကို ဒေသအလိုက် စစ်ဆေးရေးအဖွဲ့များမှတစ်ဆင့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်

သူများထံ ပေးပို့ရမည်။ ထိုသို့ပေးပို့ရာတွင် ကြိုတင်ရေးဆွဲထားသည့် စီမံချက်ပါ သတ်မှတ်ကာလများ အလိုက်ပေးပို့ရမည်။

၂၁။ **ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာများအပေါ် အဖြေလွှာများ ကောက်ယူခြင်း။** မေးခွန်းလွှာများ ပေးပို့ခဲ့သည့် ကျောက်မျက်ရတနာလုပ်ငန်း ဆောင်ရွက်သူများထံမှ အဖြေလွှာများကို ဒေသအလိုက် ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များမှတစ်ဆင့် ပြန်လည်ရယူရမည်။

၂၂။ **အဖြေလွှာများအပေါ် ပဏာမစိစစ်ခြင်းနှင့် အခြားအရင်းအမြစ်တစ်ခုခုမှ သတင်းအချက်အလက်များရယူခြင်း။** ပြန်လည်ရယူထားခဲ့သည့် အဖြေလွှာများအား ပဏာမစိစစ်ပြီး အောက်ပါတို့ကို ဖော်ထုတ်ခြင်းနှင့် အများပြည်သူသိရှိနိုင်သောအရင်းအမြစ် (open-source)ဆိုင်ရာ သတင်းအချက်အလက်များ၊ စာနယ်ဇင်းအစီရင်ခံစာများ၊ (Social Media)သတင်းများ၊ ဈေးကွက်အတွင်း စုံစမ်းထောက်လှမ်းမှုများ၊ ဌာန/အဖွဲ့အစည်းများ၏ ရေးသားထုတ်ဝေမှုများ၊ စာရင်းစစ် အစီရင်ခံစာများ၊ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်မှုစသည့် အခြားအရင်းအမြစ်တစ်ခုခုမှ သတင်းရယူခြင်းတို့ကို ဆောင်ရွက်ရမည် -

(က) ရရှိသည့် အချက်အလက်များသည် လုံလောက်မှုရှိ/မရှိနှင့် မေးခွန်းလွှာများ ထပ်မံပေးပို့မေးမြန်းရန် လိုအပ်ခြင်းရှိ/မရှိ၊

(ခ) ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးမားစွာ စိုးရိမ်ကြောင့်ကြနေရသည့် ပြဿနာရပ်များ ရှိ/မရှိ၊

(ဂ) ကျောက်မျက်ရတနာကဏ္ဍတစ်ခုလုံးအတွက် စိုးရိမ်ဖွယ်ဖြစ်နိုင်သည့် ပြဿနာရပ်များ ရှိ/မရှိ။

၂၃။ **ကွင်းဆင်းစစ်ဆေးရန် ရွေးချယ်ခြင်း။** အဖြေလွှာများနှင့် ပဏာမစိစစ်ခြင်းတို့မှ ရရှိမှုအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးပုံစံ အသုံးပြု၍ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်မည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများကို ဦးစားပေးရွေးချယ်ရမည့်အပြင် အောက်ဖော်ပြပါ အချက်များအပေါ်မူတည်၍လည်း ဦးစားပေးရွေးချယ်ရမည် -

(က) ကျောက်မျက်ရတနာထုတ်ကုန်အမျိုးအစား၊ လုပ်ငန်းအမျိုးအစားနှင့် ဖြန့်ဖြူးပို့ဆောင်မှုနည်းလမ်းဆိုင်ရာအချက်အလက်များ၊

(ခ) ကျောက်မျက်ရတနာလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်မှုဆိုင်ရာအချက်အလက်များ၊

(ဂ) ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်သောနေရာ၏ အချက်အလက်များ။

၂၄။ **ကွင်းဆင်းစစ်ဆေးခြင်း။** ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်မည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများထံ ကွင်းဆင်းစစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင်အသိပေးအကြောင်း

ကြားထားရှိရမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများ၊ FIU နှင့်ညှိနှိုင်းပေါင်းစပ်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရုံးထိုင်စစ်ဆေးမှု မေးခွန်းလွှာအပေါ် တုံ့ပြန်ဖြေဆိုမှုများတွင် သိသာထင်ရှားသည့် မှုမမှန်သောအချက်များ သို့မဟုတ် မကိုက်ညီသော အချက်များကို ဖော်ထုတ်ခြင်း၊

(ခ) ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာအပေါ် တုံ့ပြန်ဖြေဆိုမှုများနှင့် အခြားအရင်းအမြစ်တစ်ခုခုမှတစ်ဆင့် ရရှိခဲ့သည့်သတင်းများကို ကွင်းဆင်းစစ်ဆေးစဉ် အထောက်အထားများနှင့် တိုက်ဆိုင်စိစစ်ခြင်း၊

(ဂ) ရုံးထိုင်စစ်ဆေးမှုမေးခွန်းလွှာအပေါ် တုံ့ပြန်ဖြေဆိုမှုများစပ်လျဉ်း၍ သံသယဖြစ်ဖွယ် တွေ့ရှိခဲ့သည့်အကြောင်းအရာများအား တိကျမှန်ကန်မှုရှိ/မရှိ ရှင်းလင်းအတည်ပြုနိုင်ရေးအတွက် တုံ့ပြန်ဖြေဆိုခဲ့သည့် ကျောက်မျက်ရတနာလုပ်ငန်း ဆောင်ရွက်သူများကို တွေ့ဆုံမေးမြန်းခြင်း၊

(ဃ) အောက်ပါအချက်များကို အလေးထားစစ်ဆေးခြင်း -

(၁) AML/CFT ဆိုင်ရာသင်တန်း သို့မဟုတ် ဆွေးနွေးပွဲများ တက်ရောက်ခြင်းနှင့် AML/CFT ဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိခြင်းရှိ/မရှိ၊

(၂) ဝယ်ယူသူနှင့်သက်ဆိုင်သည့် အချက်အလက်များကို ကောက်ယူထားခြင်း ရှိ/မရှိ၊

(၃) ရောင်းဝယ်ခဲ့မှုအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း ရှိ/ မရှိ၊

(၄) ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း(၁၀၀)နှင့်အထက် ငွေကြေးလွှဲပြောင်းမှုနှင့် ငွေပေးချေမှုတို့အတွက် သတင်းပို့တင်ပြခြင်း ရှိ/မရှိ၊

(၅) ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း(၁၀၀)နှင့်အထက် ကျော်လွန်ခြင်း မရှိသော်လည်း သံသယဖြစ်ဖွယ်ရှိခြင်းအတွက် သတင်းပို့တင်ပြခြင်း ရှိ/မရှိ၊

(၆) ရောင်းဝယ်ခဲ့မှုမှတ်တမ်းများနှင့် သတင်းပေးပို့မှုအစီရင်ခံစာများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း ရှိ/မရှိ၊

(၇) သတ်မှတ်အခွန်အခများ ထမ်းဆောင်ခြင်း ရှိ/မရှိ၊

(၈) အကြမ်းဖက်အဖွဲ့အစည်းများတွင် ပါဝင်သူများနှင့် အကြမ်းဖက်သမားစာရင်းများတွင် ပါဝင်သူများအား စိစစ်ဖော်ထုတ်ခြင်း ရှိ/ မရှိ၊

(၉) ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ဖော်ထုတ်ခြင်း ရှိ/မရှိ၊

(၁၀) ကျပ်သိန်း(၂၀၀)နှင့်အထက် ဝယ်ယူမှုများတွင် ဘဏ်စနစ် အသုံးပြုခြင်း ရှိ/မရှိ၊

(၁၁) ဌာနမှ ထုတ်ပေးထားသော အရောင်းပြေစာ (Cash Memo)ဖြင့် ရောင်းချခြင်း ရှိ/ မရှိ။

၂၅။ **စစ်ဆေးချက်အစီရင်ခံစာပြုစုခြင်း။** ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပြီးပါက စစ်ဆေးချက်အစီရင်ခံစာတွင် စာရွက်စာတမ်းအထောက်အထားများ၊ စာရင်းဇယားအချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများအပြင် ဖော်ထုတ်ရရှိသည့် အားနည်းချက်များနှင့် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အခြေအနေများကို အလေးပေးဖော်ပြ၍ ပြုစုထားရှိရမည်။

၂၆။ **စစ်ဆေးတွေ့ရှိချက်အရ အရေးယူဆောင်ရွက်ခြင်း။** အပိုဒ် (၂၅)ပါ အစီရင်ခံစာအရ AML/CFT ဆိုင်ရာလုပ်ငန်းများအပေါ် လိုက်နာဆောင်ရွက်ခြင်း မရှိသည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား လိုက်နာဆောင်ရွက်မှုမရှိသည့်အချက်များအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြောင်းကြားရန် လို/မလို သို့မဟုတ် ပြင်ဆင်ဆောင်ရွက်ချက်များသည် ကျေနပ်ဖွယ်ရှိ/မရှိ သို့မဟုတ် အရေးယူရန်သင့်/မသင့်ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၂၇။ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ FIU နှင့်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့က အခါအားလျော်စွာ ကျင်းပပြုလုပ်သည့် AML/CFT ဆိုင်ရာ အသိပညာဆွေးနွေးပွဲများသို့ မပျက်မကွက် တက်ရောက်ခြင်း၊ AML/CFT ဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်စိစစ်ဖော်ထုတ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၂၈။ AML/CFT ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများကို သတ်မှတ်ကာလများအလိုက် ဖွင့်လှစ်ခြင်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်၍ လိုက်နာစေခြင်း၊ AML/CFT နှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Website များတွင် အခါအားလျော်စွာ အသိပေးကြေညာခြင်းများပြုလုပ်၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ၏ ငွေကြေးခဝါချမှုအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ရမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၂၉။ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ပြီး ဆက်သွယ်ဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုရမည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်း**

၃၀။ AML/CFT ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက လိုက်နာဆောင်ရွက်နိုင်ရေးနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စောင့်ကြပ်ကြည့်ရှုနိုင်ရေးတို့အတွက် FATF ၏ စံနှုန်းများနှင့်အညီ ကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ စစ်ဆေးချက် အစီရင်ခံစာပါအချက်အလက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ FIU တို့နှင့် သတင်းအချက်အလက်ဖလှယ်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး ယင်းသတင်းအချက်အလက်ဖလှယ်မှုအရ ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရမည်။

**နိဂုံး**

၃၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာလုပ်ငန်းများနှင့် WMD ဆိုင်ရာလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ APG သို့ (၄)လလျှင် တစ်ကြိမ် တင်ပြရသည့် တိုးတက်မှုအစီရင်ခံ စာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအပေါ် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ FATF ၏ စံနှုန်းများနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက AML/CFT ဆိုင်ရာလုပ်ငန်းများကို လွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက်လည်းကောင်း၊ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက လိုက်နာဆောင်ရွက်မှုအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ကာလများအလိုက် ရုံးထိုင်စစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျကြီးကြပ်၍ ကျောက်မျက်ရတနာကဏ္ဍအတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ လျော့နည်းစေရန်၊ ပပျောက်စေရန်အတွက်လည်းကောင်း ဤကြီးကြပ်ရေးလက်စွဲပါအချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

နောက်ဆက်တွဲ

## ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းပုံစံ

**ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်**

- အမည် - ........................
- နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် - ........................
- စတင်မှတ်တမ်းတင်သည့်နေ့ရက် - ........................
- ဆက်သွယ်ဆောင်ရွက်သူအမျိုးအစား - ........................
  (လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ/အဖွဲ့အစည်း)
- ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက မှတ်ပုံတင်အမှတ် - ........................

**ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များကောက်ယူခြင်း (KYC)**

- **လူပုဂ္ဂိုလ်**
  - အမည်အပြည့်အစုံ(အခြားအမည်ရှိကဖော်ပြရန်) - ........................
  - နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် - ........................
  - အလုပ်အကိုင် - ........................
  - ဆက်သွယ်ရန်လိပ်စာ - ........................
    ..........................................................
  - အမြဲတမ်းနေရပ်လိပ်စာ - ........................
    ..........................................................
  - တယ်လီဖုန်းအမှတ် - ........................

- **ကုမ္ပဏီ/အဖွဲ့အစည်းမှ ဖြစ်ပါက**
  - ကုမ္ပဏီ/အဖွဲ့အစည်းအမည် - ........................
  - လိပ်စာ - ........................
  - မှတ်ပုံတင်အမှတ် - ........................
  - လုပ်ငန်းအမျိုးအစား - ........................
  - ပိုင်ရှင်/ရှယ်ယာရှင်/ဒါရိုက်တာ
    - အမည် - ........................
    - ရာထူး - ........................
    - ထည့်ဝင်မှုပမာဏ - ........................

**ကျောက်မျက်ရတနာအမျိုးအစား**

- ရောင်းချ/ဝယ်ယူသည့် ကျောက်မျက်ရတနာအမျိုးအစား - ...........................
- ကျောက်မျက်ရတနာထွက်ရှိသည့်ဒေသ - ...........................
- ထောက်ခံချက်မှတ်တမ်း (လိုအပ်လျှင်) - ...........................

**စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအပေါ် လိုက်နာမှု**

- **AML/CFT ဆိုင်ရာ လုပ်ငန်းများအပေါ် လိုက်နာမှု**
  - ☐ စစ်ဆေးမှု ပြီးစီးသည်။
  - ☐ ဩဇာတိက္ကမရှိသူ ဖြစ်ပါသည်။
- **အရေးယူမှုစာရင်းတွင်ပါဝင်မှုရှိ/မရှိ စစ်ဆေးခြင်း**
  - ☐ စစ်ဆေးမှု ပြီးစီးသည်။
  - ☐ အရေးယူမှုစာရင်းတွင် ပါဝင်သည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်း**

- **ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်**
  - ☐ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်နိမ့်
  - ☐ ဆုံးရှုံးနိုင်ခြေအန္တရာယ်အလယ်အလတ်အဆင့်
  - ☐ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်
- **ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့် သတ်မှတ်ရခြင်း၏ အကြောင်းအချက်များ**
  - ☐ ကျောက်မျက်ရတနာဝယ်ယူရခြင်း၏အရင်းအမြစ်
  - ☐ ငွေလွှဲပြောင်းမှုနည်းလမ်း
  - ☐ နေရာဒေသအခြေအနေ
  - ☐ အခြား

.................................................................

.................................................................

**ငွေလွှဲပြောင်းမှုအချက်အလက်**

- ငွေကြေးပမာဏ - ........................
- ငွေလွှဲပြောင်းမှုအချက်အလက်
    - ☐ ကျောက်မျက်ရတနာများ ဝယ်ယူခြင်း
    - ☐ ကျောက်မျက်ရတနာများ ရောင်းချခြင်း
    - ☐ အခြား

    ..........................................................

    ..........................................................

**စာရွက်စာတမ်းအချက်အလက်**

- **လူပုဂ္ဂိုလ်**
    - ☐ အစိုးရအဖွဲ့အစည်းက ထုတ်ပေးထားသည့်လက်မှတ် (နိုင်ငံသားစိစစ်ရေးကတ်/ နိုင်ငံကူး လက်မှတ်/ ယာဉ်မောင်းလိုင်စင်)
    - ☐ လိပ်စာအထောက်အထား (မီတာဘေလ်ရှင်းတမ်း/ ငွေစာရင်းရှင်းတမ်း)
- **ကုမ္ပဏီ/အဖွဲ့အစည်းမှ ဖြစ်ပါက**
    - ☐ မှတ်ပုံတင်လက်မှတ်
    - ☐ နှစ်ပါတ်လည်အစီရင်ခံစာ
    - ☐ ပိုင်ရှင်/ရှယ်ယာရှင်/ဒါရိုက်တာစာရင်း

**ဆက်သွယ်ဆောင်ရွက်သူအား ဆက်လက်စောင့်ကြည့်စိစစ်ခြင်း**

- **ဆက်သွယ်ဆောင်ရွက်သူအပေါ် ပြန်လည်သုံးသပ်စိစစ်မည့်ကာလ သတ်မှတ်ချက်**
    - ☐ သုံးလတစ်ကြိမ်
    - ☐ နှစ်စဉ်တစ်ကြိမ်
    - ☐ လုပ်ငန်းဆောင်ရွက်စဉ် အချိန်တိုင်း (သိသာထင်ရှားသည့်အပြောင်းအလဲဖြစ်လျှင်)
- **စဉ်ဆက်မပြတ် စိစစ်ခြင်း**
    - ☐ ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များ ပြောင်းလဲခြင်း
    - ☐ ဆက်သွယ်ဆောင်ရွက်သူ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အပေါ် စဉ်ဆက်မပြတ် ပြန်လည်စိစစ်ခြင်း

**အတည်ပြုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

- အတည်ပြုသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ
  - လက်မှတ် - ..........................
  - အမည် - ..........................
  - ရက်စွဲ - ..........................
- နောက်ဆုံး ပြန်လည်သုံးသပ်ခဲ့သည့် ရက်စွဲ - ..........................
- နောင်ပြန်လည်သုံးသပ်မည့် အစီအမံ - ..........................

.......................................................................

.......................................................................